အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)အမေရိကားအရှေ့ ● ခြမ်းဌာနခွဲ
National League For Democracy (Liberated Area) USA East Coast Branch

## ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့ တွင်ကျရောက်သောအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း(၁၇)နှစ်မြောက်ထုတ်ပြန်ကြေငြာချက်

ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့၏ အသက်သွေးချွေးများဖြင့် ရင်းနှီးပေးဆပ်ခဲ့ရသောရလာဒ် အဖြစ် ၁၉၈၈ ခုနှစ်စက်တင်ဘာလ(၂၇) ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကိုနိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်း ဥပဒေ နှင့် အညီတရားဝင်မှတ်ပုံတင်၍ဖွဲ့စည်းခဲ့သည်မှာ ယခုအခါ (၁၇) နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

သို့သော်အဖွဲ့ချုပ်သည်ဥပဒေကအပ်နှင်းထားသည့်တရားဝင်နိုင်ငံရေးပါတီတခု၏ရသင့်ရထိုက်သောအခွင့် အရေးများကိုရရှိရမည့်အစားအဖွဲ့ချုပ်ကိုမတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ အဖွဲ့ချုပ်ခေါင်းဆောင် အဆင့်ဆင့်ကို ဥပဒေ မဲ့ ဖမ်းဆီးထိမ်းသိမ်း ခြင်းတို့ကိုသာ ရရှိ ခံစားနေကြရပေသည်။

ပြည်တွင်း၊ နယ်စပ်နှင့် နိုင်ငံတာကာ သို့ရောက်ရှိနေကြသော အဖွဲ့ချုပ် အဖွဲ့ဝင်များသည် နိုင်ငံ၏လက်ရှိ အခြေအနေနှင့် အဖွဲ့ချုပ်၏ ပကတိ အနေအထား များကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ အဖွဲ့ချုပ် အဖွဲ့ဝင်များသည် ယခုအခါ၌(၁၇)နှစ်တာအတွေ့အကြုံများရရှိခဲ့ပြီးဖြစ်သဖြင့်မိခင်အဖွဲ့ချုပ်ကြီး၏မူလရည်ရွယ်ချက်များ ဖြစ်သော “အများပြည်သူတို့၏ဆန္ဒနှင့်ကိုက်ညီ၍အခြေခံလူ့ အခွင့်အရေးများကို အာမ ခံမည့်စစ်မှန်သောဒီမိုကရေစီ အစိုးရတရပ် ဖြစ်ပေါ်လာစေရန်” နှင့် “ပြည်သူလူထု၏ ဆန္ဒနှင့် အညီ ဒီမိုကရေစီ နိုင်ငံရေး စနစ်ထွန်းကား၍တည်တံ့ ခိုင်မြဲသောပြည်ထောင်စုကြီးအဖြစ်တည်ထွန်းစေရေး”တို့ကိုမည်သည့်နည်းလမ်းမည်သည့်အကြံအစည်တို့ဖြင့်ကြိုး ပမ်း ဆောင်ရွက်ရမည်ကို ကြံဆဆုံးဖြတ်နိုင်သောအခြေအနေတွင်ရှိသည်ဟုလည်း ယုံကြည်သည်။

(၁၇) နှစ်တာ ကာလအတွင်း တိုင်းပြည်၏ အထွေထွေ အခြေအနေများကို ခြုံငုံသုံးသပ် ပါက ဘက်စုံ ချွတ်ခြုံ ကျနေပြီဖြစ်သည်။ အမျိုးသားရေး၊ အမျိုးသားရေးဟု အကြွေးကြော်ဆုံး အချိန်တွင် အမျိုးသားရေးများ အနိမ့်ကျဆုံးဖြစ်နေရသည် ကိုသာ ဝမ်းနည်းဖွယ်ရာတွေ့ရှိရပေသည်။

တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံအဖြစ်တည်ထောင်မည်ဆိုပါလျှင် အချုပ်အခြာ အာဏာသည် ပြည်သူလူထုထံမှဆင်းသက်ရမည်ဖြစ်ပေသည်။ လက်ရှိ တိုင်းပြည်ကို အုပ်ချုပ်နေကြသော စစ်အာဏာပိုင်များသည် ဒီဖက်တို **(defecto)** အစိုးရမျှသာဖြစ်ပေသည်၊(၁၇)နှစ်တာသက်တမ်းကြာသည့်အထိတရားဝင်အသိအမှတ်ပြုခြင်း **(dejure recognition)** အဆင့်သို့မြန်မာနိုင်ငံရောက်မလာခြင်းမှာ ကမ္ဘာ့အလယ်တွင် လုံးဝ မဖြစ်ထိုက်ပေ။

ယနေ့နိုင်ငံတော်တွင်ရင်ဆိုင်နေရသော အထွေထွေအကြပ်အတည်းများကို လူထု၏တခဲနက်သော အင်အားများကိုရယူ၍ ဖြေရှင်း နိုင်ရန် အကောင်းဆုံးသောနည်းလမ်းမှာ လူထုကရွေးကောက်ခံရသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောလွှတ်တော်မှတဆင့်ဆောင်ရွက်ခြင်း ပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတနိုင်ငံဖြစ်သည်နှင့်အညီကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များ၊အထွေထွေအတွင်းရေးမှူးချုပ် ၏ ပြော ကြားတိုက်တွန်းချက်များကိုလိုက်နာဆောင် ရွက်ရန်အထူးတာဝန်ရှိပေသည်။

ယခု အချိန်ကာလတွင် ကျွန်ုပ်တို့အဖွဲ့ချုပ်ဝင်အားလုံးသည်မိမိတို့၏ယုံကြည်ချက်များကိုစွဲကိုင်လျက်အဖွဲ့ဝင် ချင်းချင်းညီညွတ်ရေး၊ တိုင်ရင်းသားများနှင့် ညီညွတ်ရေး၊ ပြည်သူအားလုံးနှင့်ညီညွတ်ရေးကို ဇွဲလုံ့လ ဝီရိယတို့ဖြင့်

အားကြိုးမန်တက်ကြိုးပမ်းဆောင်ရွက်ရမည်သာဖြစ်သည်။ ဒီမိုကရေစီရေး ကြိုးစားအားထုတ်မှုကိုလျှော့ပါးထိခိုက်မည့်ကိစ္စမျိုး မပြုလုပ်မိကြရန်လည်းလိုအပ်လှပေသည်။ မတရားဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများအမျိုးမျိုးကြားမှ ယနေ့အထိ သစ္စာတရားရှေ့●ထားကာကြံ့ကြံ့ခံ ရပ်တည်နေကြသော အဖွဲ့ဝင်များအား နိုင်ငံတကာရောက်ကျွန်ုပ်တို့ဌာနခွဲ မှ အဖွဲ့ဝင်များက ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခဲ့သည့် (၁၇) နှစ် မြောက်ဖြစ်သော ယနေ့တွင်
(က) အဖွဲ့ချုပ်ခေါင်းဆောင် ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးနှင့်တကွ အခြားတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး (အားလုံး) ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(ခ) တရားဝင်နိုင်ငံရေးပါတီ ဖြစ်သည်နှင့်အညီ ဥပဒေမဲ့ ချိတ်ပိတ်ခြင်းခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများအားအမြန်ဆုံးပြန်လည် ဖွင့်လှစ်ပေးပြီး မတရားချုပ်ချယ်ကန့်သတ် ထားမှုများ ရုတ်သိမ်းပေးရန်။

(ဂ) နအဖ အနေဖြင့် မိမိတို့ထုတ်ပြန်ထားသည့် ဥပဒေများ၊ ကြေညာချက်များ ပေးထားသည့်ကတိများအရ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူပေးရန် တို့ကိုအလေးအနက်တောင်းဆိုလိုက်သည်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွှတ်မြောက်နယ်မြေ)
အမေရိကားအရှေ့●ခြမ်းဌာနခွဲ
၁၃၆၇ ခု နှစ် တော်သလင်း လဆုတ် (၁၀)ရက် ။
၂၀၀၅ ခုနှစ် စက်တင်ဘာလ (၂၇) ရက်။